



# ပြင်သစ်နိုင်ငံဆိုင်ရာ အချက်အလက်များ










# ပြင်သစ်နိုင်ငံဆိုင်ရာအချက်အလက်များ

## အကျယ်အဝန်းနှင့်လူဦးရေ

၁။ ပြင်သစ်နိုင်ငံ၏ တရားဝင်အမည်မှာ ပြင်သစ်သမ္မတနိုင်ငံဖြစ်ပြီး ဥရောပတိုက် အနောက်ပိုင်း နယ်မြေနှင့် ပင်လယ်ရပ်ခြားဒေသအချို့ ပေါင်းစပ်ဖွဲ့စည်းထားပါသည်။ ဥရောပတိုက်ရှိ အစိတ်အပိုင်းသည် ပြင်သစ်မက်ထရိုပိုလီယမ်ဟုအမည်တွင်ပြီး မြေထဲပင်လယ်မှ အင်္ဂလိပ်ရေလက်ကြားနှင့် မြောက်ဘက်ပင်လယ်၊ ရိုင်းမြစ်ကမ်းမှ အတ္တလတိတ်သမုဒ္ဒရာအထိ အကျယ်အဝန်းစတုရန်းမိုင် (၂၄၈၅၇၃) ကျယ်ဝန်းပါသည်။ ၂၀၁၈ ခုနှစ် စာရင်းအရ လူဦးရေ ၆၇.၃ သန်း ရှိပါသည်။ မြို့တော်မှာ ပဲရစ်မြို့ဖြစ်ပြီး နိုင်ငံ၏အကြီးဆုံးမြို့ဖြစ်ပါသည်။




## သမိုင်းကြောင်း

၂။ သံခေတ် (၁၃၀၀ ဘီစီမှ ၇၀၀ အေဒီ) ကာလများအတွင်း ပြင်သစ်မြေတွင် ဂေါလ်လူမျိုးများ စတင်အခြေချနေထိုင်ခဲ့သည်။ ဘီစီ ၅၁ တွင် ရောမအင်ပါယာ၏ သိမ်းပိုက်မှုကိုခံခဲ့ရသည်။ နောက်ပိုင်းကာလများတွင် ဂျာမန်ပြင်သစ်လူမျိုးများ တဖြည်းဖြည်းဝင်ရောက်အခြေချမှုများပြား

လာခဲ့ပြီး ပြင်သစ်ဘုရင်နိုင်ငံတော်ကို စတင်တည်ထောင်လာခဲ့ကြသည်။ အလယ်ခေတ်နောက်ပိုင်း ကာလများတွင် ပြင်သစ်သည် တဖြည်းဖြည်းအင်အားကြီးမားလာခဲ့ပြီး ၁၃၃၇ ခုနှစ်မှ ၁၄၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့သော နှစ် ၁၀၀ စစ်ပွဲတွင် အောင်မြင်ခဲ့ပြီးနောက် ပြင်သစ်သည် ဥရောပ၏ အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ အသိဉာဏ်ပွင့်လင်းသည့်ခေတ်သို့ ရောက်ရှိလာသောအခါ ယဉ်ကျေးမှုတိုးတက်လာမှုနှင့်အတူ ကိုလိုနီအင်ပါယာကိုတည်ထောင်ခဲ့ပြီး ကမ္ဘာတွင် ဒုတိယ အကြီးဆုံးနိုင်ငံဖြစ်လာခဲ့ပါသည်။ ၁၆ ရာစုတွင် ကတ်သိုလစ်နှင့် ပရိုတက်စတင့်ဘာသာဝင်များ အကြား ဖြစ်ပွားခဲ့သော ဘာသာရေးစစ်ပွဲကြောင့် ပြည်တွင်းစစ်စတင်ခဲ့ပါသည်။

၃။ ၁၇ ရာစုနှစ်၊ လူဝီ ၁၄ ဘုရင်လက်ထက်တွင် ပြင်သစ်သည် ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စစ်အင်အားတွင် ထိပ်တန်းသို့ရောက်ရှိလာခဲ့ပါသည်။ ၁၈ ရာစုနောက်ပိုင်းတွင် ပြင်သစ် တော်လှန်ရေးကြီးပေါ်ပေါက်လာခဲ့ပြီး သက်ဦးဆံပိုင်ဘုရင်စနစ်ချုပ်ငြိမ်းခဲ့ရပါသည်။ ၁၉ ရာစုတွင် နပိုလီယန်အာဏာရရှိလာခဲ့ပြီး ယနေ့ခေတ်၏အစောဆုံးသမ္မတနိုင်ငံအဖြစ် စတင်တည်ထောင်ခဲ့ ပါသည်။ နပိုလီယန်သည် စစ်ပွဲပေါင်းများစွာဆင်နွှဲခဲ့ပြီး ပထမဆုံးပြင်သစ်အင်ပါယာကို တည်ထောင် ခဲ့ပါသည်။ သက်ဦးဆံပိုင်ဘုရင်စနစ်ကိုလည်း ပြန်လည်ကျင့်သုံးခဲ့ပါသည်။ ၁၈၃၀ ပြည့်နှစ်တွင် စည်းမျဉ်းခံဘုရင်စနစ်သို့ပြောင်းလဲကျင့်သုံးပြီး ဒုတိယအင်ပါယာအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ ၁၈၇၀ ခုနှစ်တွင် ပြင်သစ်တတိယအင်ပါယာအဖြစ် ရောက်ရှိလာခဲ့ပါသည်။

၄။ ၁၉ ရာစုနှင့် ၂၀ ရာစုအစောပိုင်းကာလများတွင် ကိုလိုနီနယ်များချဲ့ထွင်ခဲ့ပြီး ကမ္ဘာ့ ဒုတိယမြောက် ကိုလိုနီနယ်မြေအများဆုံး ပိုင်ဆိုင်သောနယ်မြေအဖြစ် ရောက်ရှိလာခဲ့ပါသည်။ ပထမကမ္ဘာစစ်နှင့်ဒုတိယကမ္ဘာစစ်တွင် အောင်နိုင်သူနိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ ၁၉၄၀ ပြည့်နှစ် တွင် နာဇီတို့၏သိမ်းပိုက်မှုကို ခံခဲ့ရပါသည်။ စစ်ပွဲများပြီးဆုံးချိန်တွင် သမ္မတချားစ်ဒီဂေါလ်အစိုးရ တက်လာခဲ့ပြီး အင်အားတောင့်တင်းသောနိုင်ငံအဖြစ် ပြန်လည်ရောက်ရှိခဲ့ပါသည်။

## အစိုးရ

၅။ ပြင်သစ်နိုင်ငံသည် ကောင်းမွန်သောဒီမိုကရေစီအလေ့အထများကိုအခြေခံထားသည့် သမ္မတ နှင့်ဝန်ကြီးချုပ်အုပ်ချုပ်သည့် သမ္မတနိုင်ငံစနစ်ကိုကျင့်သုံးပါသည်။ လက်ရှိကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ လူထုဆန္ဒခံယူပွဲဖြင့် အတည်ပြုထားခြင်းဖြစ်ပါသည်။ နိုင်ငံ၏အဓိကခေါင်းဆောင်နှစ်ဦးမှာ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့ဖြစ်ပါသည်။ သမ္မတအား တိုက်ရိုက်ရွေးကောက်ခံစနစ်ဖြင့် ခန့်အပ်ပြီး ၅ နှစ်

သက်တမ်းဖြစ်ပါသည်။ ဝန်ကြီးချုပ်အား သမ္မတမှရွေးချယ်ခန့်ထားပါသည်။ လက်ရှိသမ္မတသည် Emmanuel Macron ဖြစ်ပြီး ဝန်ကြီးချုပ်သည် Édouard Philippe ဖြစ်ပါသည်။



**သမ္မတ Emmanuel Macron**



**ဝန်ကြီးချုပ် Édouard Philippe**

## လွှတ်တော်

၆။ ပြင်သစ်လွှတ်တော်အား National Assembly နှင့် Senate ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ National Assembly ကိုယ်စားလှယ်များအား သက်ဆိုင်ရာမဲဆန္ဒနယ်များ အလိုက်မှ တိုက်ရိုက်ရွေးကောက်ခံစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပြီး သက်တမ်းမှာ ၅ နှစ် ဖြစ်ပါသည်။ National Assembly သည် အစိုးရကိုထုတ်ပယ်ခွင့်ရှိသည်။ Senate မှ ကိုယ်စားလှယ်များအား ရွေးကောက်ပွဲဆိုင်ရာအဖွဲ့မှ ရွေးချယ်ပါသည်။ National Assembly တွင် ကိုယ်စားလှယ် (၅၇၇) နေရာနှင့် Senate တွင် (၃၄၈) နေရာရှိပါသည်။

## စီးပွားရေး

၇။ ပြင်သစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် နဝမမြောက်နှင့် ဥရောပသမဂ္ဂတွင် ဒုတိယမြောက် စီးပွားရေးအင်အားအတောင့်တင်းဆုံးနိုင်ငံဖြစ်ပါသည်။ ပြင်သစ်နိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် ယူရိုငွေကိုသုံးစွဲရန် ဥရောပသမဂ္ဂအဖွဲ့ဝင်အခြား ၁၁ နိုင်ငံတို့နှင့်ပူးပေါင်းခဲ့ပြီး ၂၀၀၂ ခုနှစ်မှ စတင်ကာ ယခင်ပြင်သစ်ဖရန့်ငွေအား ယူရိုငွေဖြင့် အစားထိုးလဲလှယ်သုံးစွဲခဲ့ပါသည်။ စီးပွားရေး

စနစ်ပုံစံမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အခြေပြုထားသည့် စီးပွားရေးနှင့် ပုဂ္ဂလိကနှင့်အစိုးရ ပူးပေါင်းဆောင်ရွက်သည့်စီးပွားရေးကို ရောစပ်ထားသည့်စနစ်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အရေးပါသောစီးပွားရေးလုပ်ငန်းများဖြစ်သည့် ရထားပို့ဆောင်ရေး၊ လျှပ်စစ်လုပ်ငန်း၊ လေကြောင်း လုပ်ငန်း၊ နယူကလီးယားစွမ်းအင်နှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ချုပ်ကိုင်ထားပါသည်။ အစိုးရသည် ပြင်သစ်တယ်လီကွန်၊ ပြင်သစ်လေကြောင်းလိုင်း၊ အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်းနှင့် ကာကွယ်ရေးပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းတွင်လည်း အစိုးရ၏ပါဝင်မှုကို တဖြည်းဖြည်းလျှော့ချ ခဲ့ပါသည်။

၈။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်၏ ၂၀၀၉ ခုနှစ်စစ်တမ်းများအရ ပြင်သစ်နိုင်ငံသည် ကမ္ဘာ့ ဆဋ္ဌမမြောက် ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်ကာ စတုတ္ထမြောက်သွင်းကုန်တင်သွင်းမှုအများဆုံးနိုင်ငံ ဖြစ်သည်။ OECD အဖွဲ့ဝင်နိုင်ငံများတွင် တတိယမြောက်ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများဆုံး ဖြစ်ကာ အမေရိကန်ဒေါ်လာ ၁၁၈ ဘီလီယံဖြစ်သည်။

၉။ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများနှင့် အာမခံလုပ်ငန်းများသည် ပြင်သစ်နိုင်ငံစီးပွားရေးတွင် အရေးကြီးသောအစိတ်အပိုင်းများဖြစ်ပါသည်။ ပဲရစ်စတော့ခ် အိတ်ချိန်းသည် သက်တမ်းရင့်စတော့ခ်အိတ်ချိန်းတစ်ခုဖြစ်ပြီး ၁၇၂၄ ခုနှစ်၊ လူဝီ ၁၅ ဘုရင် လက်ထက်တွင်စတင်ခဲ့ခြင်းဖြစ်ပါသည်။ ပဲရစ်စတော့ခ်အိတ်ချိန်းသည် ဥရောပတွင် လန်ဒန်စတော့ခ် အိတ်ချိန်းပြီးနောက် ဒုတိယမြောက်အကြီးဆုံးစတော့ခ်အိတ်ချိန်းဈေးကွက်ဖြစ်သည်။

## ကိုးကွယ်ယုံကြည်မှု

၁၀။ ပြင်သစ်နိုင်ငံတွင် လူဦးရေ၏ ၅၁.၁ ရာခိုင်နှုန်းသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး အစ္စလာမ်ဘာသာဝင် ၅.၆ ရာခိုင်နှုန်းရှိပါသည်။ ဂျူးဘာသာကိုးကွယ်သူ ၀.၈ ရာခိုင်နှုန်း၊ အခြား ဘာသာဝင် ၂.၉ ရာခိုင်နှုန်းနှင့် ဘာသာမဲ့ ၃၉.၆ ရာခိုင်နှုန်းရှိပါသည်။

## လူမျိုးစုများနှင့် မြို့ပြနေထိုင်မှု

၁၁။ ပြင်သစ်လူမျိုးအများစုသည် ဂေါလ်လူမျိုးများ၊ လက်တင် (ရိုမန်)များနှင့် ဂျာမန် (ဖရန့်) အုပ်စုဝင်များရောနှောနေပါသည်။ ဒေသများအလိုက် လူမျိုးစုများနေထိုင်ကြပါသည်။ အနောက် ပိုင်းတွင် Breton များ၊ အနောက်တောင်ပိုင်းတွင် Aquitanian များ၊ အနောက်မြောက်ဘက်တွင် Scandinavian များ၊ အရှေ့မြောက်ဘက်တွင် Alemannic များနှင့် အရှေ့တောင်ဘက်တွင်

Ligurian များ နေထိုင်လျက်ရှိပါသည်။ ပြီးခဲ့သော ရာစုနှစ်များတွင် ပြည်ပမှ ဝင်ရောက်အခြေချ နေထိုင်သူများ များပြားလာပြီး ယဉ်ကျေးမှုပေါင်းစုံပါဝင်သော အသိုက်အဝန်းဖြစ်လာခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် လူမျိုးစုအလိုက် ရာခိုင်နှုန်းအချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လူဖြူ- ၅၁ သန်း (၈၅ ရာခိုင်နှုန်း)၊

(ခ) အနောက်မြောက်အာဖရိကန်- ၆ သန်း (၁၀ ရာခိုင်နှုန်း)၊

(ဂ) လူမည်း- ၂ သန်း (၃.၃ ရာခိုင်နှုန်း)၊

(ဃ) အာရှ- ၁ သန်း (၁.၇ ရာခိုင်နှုန်း)။

၁၂။ ပြင်သစ်နိုင်ငံသည် မြို့ပြလူနေမှုသိပ်သည်းသောနိုင်ငံဖြစ်ပါသည်။ မြို့များအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Rank | Functional urban areas | Population, 2012 |
|---|---|---|
| 1 | Paris | 11,688,000 |
| 2 | Lyon | 1,935,000 |
| 3 | Marseille | 1,732,000 |
| 4 | Lille | 1,357,000 |
| 5 | Toulouse | 1,255,000 |
| 6 | Bordeaux | 1,152,000 |
| 7 | Nice | 846,000 |
| 8 | Strasbourg | 767,000 |
| 9 | Rouen | 696,000 |
| 10 | Rennes | 691,000 |
| 11 | Montpellier | 658,000 |
| 12 | Grenoble | 657,000 |
| 13 | Toulon | 552,000 |
| 14 | Saint-Étienne | 525,000 |

## နိုင်ငံတကာဆက်ဆံရေး

၁၃။ ပြင်သစ်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဗီတိုအာဏာရှိသော အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ဂျီ-၈ အဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ပစိဖိတ်အသိုက်အဝန်း၊ အိန္ဒိယသမုဒ္ဒရာ၊ ကာရေဘီယံနိုင်ငံများအဖွဲ့ချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ကာ နိုင်ငံတကာပြင်သစ်စကားပြောနိုင်ငံများအသင်း၏ ဦးဆောင်အဖွဲ့ဝင်ဖြစ်ပါသည်။

၁၄။ ၎င်းအပြင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သော OECD၊ UNESCO၊ Interpol၊ International Bureau of Weights and Measures နှင့် La Francophonie တို့၏ ဌာနချုပ်များသည် ပြင်သစ်နိုင်ငံတွင် အခြေစိုက်ထားပါသည်။ ပြင်သစ်နိုင်ငံသည် သံတမန်ဆက်ဆံရေးတွင် အထူးပင်ကျယ်ပြောသော နိုင်ငံတစ်နိုင်ငံဖြစ်ကာ စစ်ပြီးခေတ်ကာလတွင် ဥရောပသမဂ္ဂအဖွဲ့ကြီးအားတည်ထောင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၁၅။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)တွင် အရေးပါသောအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ကာ အဖွဲ့၏စစ်ရေးဆိုင်ရာလှုပ်ရှားမှုများတွင် အမေရိကန်၊ ဗြိတန်တို့နှင့်အတူ တက်ကြွစွာပါဝင်လျက်ရှိပြီး ပြင်သစ်နိုင်ငံခြားရေးနှင့်လုံခြုံရေးမူဝါဒများအတွက် လွတ်လပ်မှုကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြင်သစ်နိုင်ငံသည် နယူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၁၆။ ၂၀၁၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးရေး၌ စတုတ္ထအများဆုံးအလှူရှင်နိုင်ငံဖြစ်ပြီး အမေရိကန်၊ ဗြိတိန်နှင့် ဂျာမနီနိုင်ငံတို့၏နောက်တွင်ရှိပါသည်။ နိုင်ငံ GDP ၏ ၀.၃၆ ရာခိုင်နှုန်းအား ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးရေးရန်ပုံငွေတွင် ထည့်ဝင်သုံးစွဲလျက်ရှိပြီး ကမ္ဘာ့အလှူရှင်နိုင်ငံများစာရင်းတွင် ၁၂ နိုင်ငံမြောက်နိုင်ငံဖြစ်ပါသည်။ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကို တည်ထောင်ထားပြီး ၎င်းအဖွဲ့အစည်းသည် အာဖရိကဆာဟာရဒေသများအား ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေး

၁၇။ ပြင်သစ်မြန်မာဆက်ဆံရေးသည် မြန်မာပဒေသရာဇ်ခေတ် ၁၈ ရာစုကာလအတွင်းကပင်စတင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာဘုရင်အလောင်းမင်းတရားလက်ထက်တွင် မွန်တို့နှင့်ဖြစ်ပွားခဲ့သောစစ်ပွဲအတွင်း ပြင်သစ်တို့သည် မွန်တို့အား ထောက်ပံ့ကူညီမှုများပေးအပ်ခဲ့သည်။ အဆိုပါစစ်ပွဲ

အတွင်း ပြင်သစ်လူမျိုးစစ်သည်အများအပြားတို့သည် မြန်မာတပ်များ၏ဖမ်းဆီးခြင်းကိုခံခဲ့ရကာ နောက်ပိုင်းမြန်မာ့ဘုရင်တပ်မတော်တွင် ပြင်သစ်လက်ရွေးစင်သေနတ်သမားများအဖြစ် အမှုတော်ထမ်းစေခဲ့သည်။ ပြင်သစ်တပ်သားအချို့သည် အလောင်းဘုရား၏တပ်မတော်တွင် အမှုထမ်းခဲ့သည်။ ၁၇၆၉ ခုနှစ်၊ ဆင်ဖြူရှင်မင်းလက်ထက်တွင် ပြင်သစ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် တရားဝင် ကုန်သွယ်ရေးစာချုပ်ချုပ်ဆိုခဲ့သည်။

၁၈။ ၁၇၆၉ ခုနှစ်တွင် ပြင်သစ်သံရုံးအားစတင်ဖွင့်လှစ်ခဲ့ကာ ရန်ကုန်မြို့တွင် ပြင်သစ်စက်ရုံများ၊ ကုန်သိုလှောင်ရုံများဖွင့်လှစ်ခွင့်ရရှိခဲ့သည်။ အင်္ဂလိပ်လက်အောက်သို့ မြန်မာနိုင်ငံကျရောက်ခဲ့ပြီးနောက်ပိုင်းတွင် ဆက်ဆံရေးပြတ်တောက်ခဲ့သော်လည်း ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်နှစ်မှာပင် သံတမန်ဆက်ဆံရေးပြန်လည်စတင်ခဲ့ပါသည်။

၁၉။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲနောက်ပိုင်းတွင် အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ့ဒီမိုကရေစီအရေးတွင် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးပိုင်းဆိုင်ရာတွင် ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာလုပ်ငန်းစဉ်များတွင် ပြင်သစ်၏ဦးဆောင်မှုဖြင့် ဥရောပသမဂ္ဂမှ အထောက်အပံ့များပေးအပ်ခဲ့ပါသည်။

၂၀။ ၂၀၁၀ရွေးကောက်ပွဲနောက်ပိုင်းတွင် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံမှုများ ပိုမိုများပြားလာခဲ့ပြီး ခရီးစဉ်အပြန်အလှန်သွားရောက်ခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၅ရက်နေ့မှ ၇ ရက်နေ့အထိ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ms. Annick Girardin၊

(ခ) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ရက်နေ့မှ ၇ရက်နေ့အထိ ပြင်သစ်ယဉ်ကျေးမှုနှင့်ဆက်သွယ်ရေးဝန်ကြီး Ms. Auralie Filipetti၊

(ဂ) ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၀ရက်နေ့မှ ၃၁ရက်နေ့အထိ ပြင်သစ်ပြည်ပကုန်သွယ်ရေးဝန်ကြီး Ms. Nichole Bricq၊

(ဃ) ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးကိုယ်စားလှယ်အဖွဲ့၊

(င) ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ပြင်သစ်ပြည်ပနှင့် ဥရောပရေးရာဝန်ကြီး Mr.Alain Jappie၊

(စ) ၂၀၁၄ ခုနှစ်၊ မေလတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်နှင့် ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်၊

(ဆ) ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၄ရက်နေ့မှ ၁၆ ရက်နေ့အထိ ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်၊

(ဇ) ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ သမ္မတဦးသိန်းစိန်ခရီးစဉ်၊

(ဈ) ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်။

## မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H. E. Mr. Christian LECHERVY ၏ကိုယ်ရေးအကျဉ်း



Mr. Christian LECHERVY ကို ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလတွင် မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပဲရစ် (၁၂) တက္ကသိုလ်၊ နိုင်ငံတကာနှင့် မဟာဗျူဟာဆက်သွယ်ရေးဌာနတွင် ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန၊ မဟာဗျူဟာရေးရာဌာန၊ ဒေသတွင်းရေးရာကိစ္စရပ်များဌာနခွဲ၊ အာရှပစိဖိတ်ရုံးတွင် အရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန၊ မဟာဗျူဟာရေးရာဌာန၊ ဒေသတွင်းရေးရာကိစ္စရပ်များဌာနခွဲတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာနရုံး၊ နိုင်ငံတကာရေးရာဌာနတွင် နည်းပညာပညာရှင်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၀၂ ခုနှစ်၊ ဧပြီလမှ အောက်တိုဘာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူသားချင်းစာနာထောက်ထားရေးလှုပ်ရှားမှုဌာန၊ နိုင်ငံရေးနှင့် လူသားချင်းစာနာထောက်ထားရေးစောင့်ကြည့်မှုအဖွဲ့တွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှပစိဖိတ်ဌာန၊ အရှေ့တောင်အာရှဌာနခွဲတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ

Turkmenistan တွင် သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာဆန်းစစ်ရေးအဖွဲ့တွင် ဒုတိယညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ သမ္မတရုံး၊ မဟာဗျူဟာနှင့် အာရှပစိဖိတ် ရေးရာတွင် အကြံပေးအဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပစိဖိတ်အသိုက်အဝန်းတွင် ဌာနေကိုယ်စားလှယ်သံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး လက်ရှိတွင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။